**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေတိုက်ဦးစီးဌာန**

စာအမှတ်၊ ငွေတိုက်-၁(၁)/ ၀ထ/ (၃၀၄၇ /၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

အကြောင်းအရာ။ **စာပို့ ရာထူးအတွက် ရွေးချယ်ခံရကြောင်း အကြောင်းကြားခြင်း**

၁။ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စာပို့ ရာထူး (လစာနှုန်း ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)ရာထူးနေရာ၌ ခန့်ထားနိုင်ရေးအတွက် ၁၀-၈-၂၀၂၄ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် လူတွေ့ (နှုတ်ဖြေ) စာမေးပွဲတွင် ဖြေဆိုအောင်မြင်၍ ပဏာမရွေးချယ်ခံရသဖြင့် အောက်ပါအတိုင်း ဤဦးစီးဌာနသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားပါသည်-

(က) ပဏာမရွေးချယ်ခံရသူသည် ၂၆-၉-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာန တည်ရှိရာ နေပြည်တော်၊ရုံးအမှတ်(၃၄)သို့ လူကိုယ်တိုင်လာရောက် သတင်းပို့ရန် ဖြစ်ပါသည်။

(ခ) ၂-၁၀-၂၀၂၄ ရက်နေ့အထိ လူကိုယ်တိုင်လာရောက်သတင်းပို့ခြင်း မရှိပါက ဤဦးစီးဌာနတွင် ဝင်ရောက်လုပ်ကိုင်လိုသည့် ဆန္ဒမရှိဟု ယူဆမည်ဖြစ်ပါသည်။

(ဂ) ပဏာမရွေးချယ်ခြင်းခံရသူသည် အထက်ပါအတိုင်း ဤဦးစီးဌာနသို့ လာရောက် သတင်းပို့ရာတွင် အောက်ပါအချက်အလက်များကို တစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်-

(၁) သက်တမ်းတိုးပြီးသော အလုပ်သမားမှတ်ပုံတင်မူရင်း၊

(၂) ကိုယ်ရေးမှတ်တမ်းပြုလုပ်ရန် ကာယကံရှင်၏ ဓါတ်ပုံ(၆) ပုံ (၁" × ၁.၅") မြန်မာဝတ်စုံဖြင့်၊

(၃) လတ်တလောထုတ်ပေးထားသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

(၄) နိုင်ငံသားစိစစ်ရေးကဒ် မူရင်း၊

(ဃ) ပဏာမရွေးချယ်ခြင်းခံရသူများသည် ဤဌာနသို့ ရောက်ရှိသတင်းပို့ပြီးနောက် ကျန်း

မာရေးစစ်ဆေးမှု ပြီးစီးအောင်မြင်မှသာ အတည်ပြုခန့်ထားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

16-9-2024

(စီစီပြုံး)

ညွှန်ကြားရေးမှူးချုပ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေတိုက်ဦးစီးဌာန

စာပို့ ရာထူး(၁)နေရာအတွက် ပဏာမရွေးချယ်ခံရသူများစာရင်း

| စဉ် | အမည် | ခုံအမှတ် | ပညာအရည်အချင်း | အဖအမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|---|---|---|
| ၁ | ဦးဝင်းမိုး | ငွေတိုက်-၁ | အခြေခံပညာအထက်တန်း | ဦးတင်ထွန်း | ၉/ဇယသ(နိုင်)၀၂၁၄၁၀ |